**Website:** www.cnfhqr.org **Email:** cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏
# (၇၄) နှစ်မြောက် အမျိုးသားနေ့ ထုတ်ပြန်ချက်

(၁/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်

'ချင်းအမျိုးသားနေ့' ဆိုသည်မှာ ချင်းမျိုးနွယ်စုအကြီးအကဲများက ချင်းဓလေ့ထုံးတမ်းဥပဒေများဖြင့် မိမိနယ်မြေအလိုက် အုပ်ချုပ်ခြင်းမှ ချင်းအမျိုးသားတစ်ရပ်အဖြစ် ချင်းလဲန်းတစ်ခုလုံးကိုစုစည်း၍ ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်ခြင်းသို့ မြှင့်တင်ပြောင်းလဲပြီး ချင်းအမျိုးသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ခဲ့သော သမိုင်းဝင်နေ့ ဖြစ်ပါသည်။ ယခုအချိန်သည် အကြမ်းဖက်စစ်တပ်ကြောင့် ချင်းလဲန်းပြည်သူလူထုတရပ်လုံး အတိဒုက္ခရောက်နေသည့်အချိန်ဖြစ်သောကြောင့် ချင်းအမျိုးသားရေး စိတ်ဓာတ်ကို အမြင့်ဆုံးသို့ မြှင့်တင်ကြရမည် ဖြစ်သည်။

ချင်းလဲန်းသည် နယ်ချဲ့ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးအမြန်ရယူရန်အတွက် ၁၉၄၇ ခုနှစ် ပင်လုံသဘောတူညီချက်ဖြင့် ဗြိတိသျှကိုလိုနီများဖြစ်ကြသည့် ဗမာ၊ ရှမ်း၊ ကချင်နယ်မြေများနှင့်အတူ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို တည်ဆောက်ခဲ့ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတွင် ချင်းအမျိုးသားတို့၏ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တို့ကို ဖော်ဆောင်ကျင့်သုံးရန် ကြိုးပမ်းခဲ့သော်လည်း ယနေ့တိုင် အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးပါ။

ထို့ကြောင့် ချင်းပြည်ထောင်တည်ဆောက်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အောင်မြင်သည်အထိ ကြိုးပမ်းဖော်ဆောင်ရေးသည် ချင်းပြည်သူတို့၏ သမိုင်းပေးတာဝန် ဖြစ်သည်။ ချင်းပြည်သူလူထု၏ အဓိကလုပ်ငန်းကြီးသုံးရပ်မှာ စစ်အာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မဆို တိုက်ဖျက်ရေးလုပ်ငန်း၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကိုကျင့်သုံးသော ချင်းပြည်ထောင် တည်ဆောက်ရေးလုပ်ငန်းနှင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များကိုအခြေခံသည့် အမျိုးသားတန်းတူရေးအာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းတို့ ဖြစ်သည်။

**အာဏာရှင်စနစ်ချုပ်ငြိမ်းရေး**

၁။ အာဏာရှင်များသည် ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်သူများ၏ မျှော်မှန်းချက် ဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိစေရန်အတွက် ပြည်သူလူထု၏ အချုပ်အခြာအာဏာကို လုယူ၍ အာဏာရှင်စနစ်ဖြင့် ပြည်သူလူထုကို ညှင်းပန်းအုပ်ချုပ်ခဲ့သည်မှာ နှစ်ပေါင်း (၆၀) ကျော်ခဲ့ပြီ ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် စတင်ခဲ့သည့် နွေဦးတော်လှန်ရေးသည် ပြည်သူလူထု၏ အချုပ်အခြာအာဏာကို ပြည်သူလူထုက ပြန်လည်ရယူသည့် ပြည်သူ့တော်လှန်ရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များ

၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးမှုကို ဖော်ဆောင်သည့် ပြည်သူ့တော်လှန်ရေး၊ ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များကို အခြေခံပြီး အမျိုးသားတန်းတူရေးအာမခံချက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်မှုကို ဖော်ဆောင်သည့် ပြည်သူ့တော်လှန်ရေး ဖြစ်သည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ် အပါအဝင် မည်သည့်အာဏာရှင်စနစ်ကိုမဆို ဆန့်ကျင်ပြီး ပြည်ထောင်စုတည်ထောင်သူများ၏ မျှော်မှန်းချက် အောင်မြင်ပြီးမြောက်သည်အထိ တိုက်ပွဲဝင်ကြရမည်။ ချင်းပြည်သူ့တော်လှန်ရေးအင်အားစုများကို စုစည်း၍ အာဏာရှင်စနစ်ကို ပြည်သူ့အင်အားဖြင့် ချုပ်ငြိမ်းစေရမည် ဖြစ်သည်။

**ချင်းပြည်ထောင်တည်ဆောက်ရေး**

၂။ ချင်းလဲန်း၏ နိုင်ငံရေးရည်မှန်းချက်မှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ကျင့်သုံးသော ချင်းပြည်ထောင်တည်ဆောက်ရေး ဖြစ်သည်။ ထို့ကြောင့် ချင်းပြည်ထောင်တည်ဆောက်ရေးသည် မိမိတို့၏ အမျိုးသားရေးတာဝန် ဖြစ်ပါသည်။ ချင်းလဲန်း၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍအရပ်ရပ်ကို ချင်းလဲန်းပြည်သူများကိုယ်တိုင် ကိုယ်ထူကိုယ်ထ တည်ဆောက်ကြရမည်။ ချင်းပြည်ထောင်တည်ဆောက်ရေးလုပ်ငန်းတွင် ချင်းပြည်သူများသည် ချင်းအမျိုးသားတပ်ဦး/ချင်းအမျိုးသားတပ်မတော်(CNF/CNA)၊ ကြားကာလချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ(ICNCC)၊ ချင်းလဲန်းပူးတွဲကာကွယ်ရေးကော်မတီ(CJDC)တို့နှင့်အတူ ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည်။

**ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး**

၃။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို ပြည်သူ့ညီလာခံကြီးက အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ်ပြည်ထောင်စုအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး နိုင်ငံရေးအရ တန်းတူမှုရှိသော ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များကို အခြေခံ၍ ဖွဲ့စည်းကြရမည်။ ဖက်ဒရယ်အဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေး စသည်တို့ကို ချင်းလဲန်းပြည်သူများအပါအဝင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်ထောင်များရှိ ပြည်သူများကိုယ်တိုင် တည်ဆောက်ကြရမည်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းတွင် ပြည်သူများသည် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ ဗဟိုကွပ်ကဲရေးနှင့်ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(C3C) တို့နှင့်အတူ ကျရာကဏ္ဍမှ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည်။

"(၇၄) နှစ်မြောက် အမျိုးသားနေ့"ကို ဘုရားရှင် ကောင်းချီးပေးပါစေ။ အာဏာရှင်စနစ် ကျဆုံးပါစေ။ ပြည်သူ့တော်လှန်ရေး အောင်မြင်ပါစေ၊ ချင်းပြည်ထောင်တည်ဆောက်ရေး အောင်မြင်ပါစေ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အောင်မြင်ပါစေ။

ချင်းလဲန်းနှင့် ချင်းလူမျိုးအပေါ် ဘုရားရှင် ကောင်းချီးပေးပါစေ။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ချင်းအမျိုးသားတပ်ဦး